# Tenth Sunday in Ordinary Time - C

## 1st READING: *1 Kings 17: 17-24*

ဓမ္မရာဇဝင် တတိယစောင်၊ ၁၇း ၁၇–၂၄

ထိုနောက်မှအိမ်ရှင်မ၏သားသည်ပြင်းပြစွာသောအနာရောဂါစွဲသောကြောင့် အသက်ချုပ်၏။ မိန်းမကလည်း၊ အိုဘုရားသခင်၏လူ၊ ကိုယ်တော်သည်ကျွန်မနှင့်အဘယ်သို့ဆိုင်သနည်း။ ကျွန်မအပြစ်တို့ကိုအောက်မေ့စေ၍၊ ကျွန်မသားကိုသတ်အံ့သောငှါကျွန်မဆီသို့ကြွလာတော်မူသလောဟုလေယအားဆိုသော်၊သင်၏သားကိုငါ့အားပေးလော့ဟုဆိုလျက်၊ မိန်းမရင်ခွင်ထဲကယူ၍မိမိနေရာအထက်အခန်းသို့ဆောင်သွားသဖြင့်၊ မိမိအိပ်ရာပေါ်မှာထားပြီးလျှင်၊ အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်တည်းခိုသောဤမုတ်ဆိုးမ၌ဘေးဥပဒ်ပြု၍၊ သူ၏သားကိုသေစေတော်မူမည်လောဟုထာဝရဘုရားကိုကြွေးကြော်လေ၏။ တဖန်သူငယ်အပေါ်မှာမိမိကိုယ်ကိုသုံးကြိမ်လှန်လျက်၊ အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊ ဤသူငယ်၏ဝိညာဉ်ကိုတဖန်ဝင်စေတော်မူပါဟုထာဝရဘုရားကိုကြွေးကြော်ပြန်၏။ လေယစကားကိုထာဝရဘုရားကြားတော်မူ၍၊ သူငယ်၏ဝိညာဉ်သည်ဝင်သဖြင့်၊ သူသည်အသက်ရှင်ပြန်၏။ လေယသည်သူငယ်ကိုအထက်အခန်းမှအောက်သို့ယူသွား၍ကြည့်လော့။ သင်၏သားအသက်ပြီဟုဆိုလျက်အမိ၌အပ်လေ၏။ မိန်းမကလည်း၊ ဤအမှုကိုထောက်ထား၍ကိုယ်တော်သည်ဘုရားသခင်၏လူဖြစ်ကြောင်း ကိုရင်း၊ ကိုယ်တော်ဆင့်ဆိုသောထာဝရဘုရား၏စကားတော်ဟုတ်မှန်ကြောင်းကိုရင်း၊ ကျွန်မသိပါသည်ဟုလေယအားဆို၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 30: 2, 4, 5-6, 11, 12, 13
## ဆာလံကျမ်း ၃၀

**သံပြိုင်။** ။ကိုယ်တော်ကိုတပည့်တော်ချီးမြှောက်ပါမည်။ အကြောင်းမူကား၊ ကိုယ်တော်သည်တပည့်တော်ကိုကယ်တော်မူခဲ့လေပြီ။

**၁။** ။ ကိုယ်တော်သည်နက်ရှိုင်းရာအရပ်မှတပည့်တော်ကိုဆွဲတင်တော်မူပြီး၊ရန်သူများအားတပည့်တော်အပေါ်ဝမ်းမြောက်စေတော်မမူခဲ့ပေ။ အိုထာဝရဘုရားကိုယ်တော်သည်တပည့်တော်၏ဝိညာဉ်ကိုမရဏာသင်္ချိုင်းတွင်းသို့ဆင်းရသူများအလယ်မှတပည့်တော်ကိုပြန်လည်ရှင်သန်စေတော်မူခဲ့လေပြီ။ **(သံပြိုင်)**

**၂။** ။ ကိုယ်တော့်အပေါ်သစ္စာစောင့်သိသောအိုအသင်တို့၊ထာဝရဘုရားအားသီဆိုချီးမွမ်းကြလော့။ သန့်ရှင်းမြင့်မြတ်တော်မူသောနာမတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကား၊ကိုယ်တော်၏အမျက်သင့်တော်မူခြင်းသည်တစ်ခဏမျှသာဖြစ်၏။ ကျေးဇူး ပြုတော်မူခြင်းကား၊ တစ်သက်လုံးဖြစ်၏။ ငိုကြွေးခြင်းသည်နံနက်အချိန်၌ရောက်လာစမြဲဖြစ်၏။ **(သံပြိုင်)**

**၃။** ။ အိုထာဝရဘုရား၊ တပည့်တော်ကိုနားညောင်းတော်မူ၍ကျေးဇူးပြုတော်မူပါ။ အိုထာဝရဘုရား၊ ကိုယ်တော်သည်တပည့်တော်၏ကူညီမစသူဖြစ်စေတော်မူပါ။ ကိုယ်တော်သည်တပည့်တော်၏ဝမ်းနည်းပူဆွေးခြင်းကိုပျော်ရွှင်ကခုန်ခြင်းသို့ပြောင်းလဲစေတော်မူခဲ့ပြီ။ အိုထာဝရဘုရား၊တပည့်တော်၏ဘုရားသခင်တပည့်တော်သည်ကိုယ်တော်ကိုအစဉ်ထာဝရချီးမွမ်းပါမည်။ **(သံပြိုင်)**

## 2nd READING: *Galatians 1:11-19*

ဂါလားဆီယာသြဝါဒစာ ၁း ၁၁–၁၉

ညီအစ်ကိုတို့၊သင်တို့အားငါသိစေလိုသည်မှာငါဟောပြောခဲ့သောသတင်းကောင်းသည်လူတို့ထံမှလာသောသတင်းကောင်းမဟုတ်ပေ။ အကြောင်းမူကားငါသည်ထိုသတင်းကောင်းကိုလူတစ်ဦးထံမှလက်ခံရရှိခဲ့သည်မဟုတ်၊သင်ကြားခြင်းခံခဲ့ရသည်လည်းမဟုတ်။ယေရှုးခရစ်တော်၏ဗျာဒိတ်တော်အားဖြင့်ထိုသတင်းကောင်းကိုငါရရှိခဲ့၏။ဂျူးဘာသာဝင်တစ်ဦးဖြစ်ခဲ့သည့်အတိတ်ကာလကငါ၏ဘဝကိုသင်တို့ကြားသိကြပြီးဖြစ်သည်။ငါသည်ဘုရားသခင်၏အသင်းတော်ကိုမည်မျှလောက်ပြင်းထန်စွာညှင်းပမ်း၍ဖျက်ဆီးရန်ကြိုးစားခဲ့ကြောင်းကိုလည်ကောင်း၊ ငါသည်ဂျူးဘာသာတရားကိုလိုက်စားရာတွင်ငါ့လူမျိုးများထဲမှငါနှင့်သက်တူရွယ်တူများထက်သာလွန်ခဲ့ပြီး၊ ငါ့ဘိုးဘေးတို့၏ထုံးတမ်းစဉ်လာများအတွက်အတိုင်းထက်အလွန်စိတ်အားထက်သန်ခဲ့ကြောင်းကိုလည်းကောင်းသင်တို့ကြားသိခဲ့ကြပြီ။ သို့ရာတွင်ဘုရားသခင်သည်ငါမမွေးမီကပင်ငါ့ကိုရွေးချယ်ခဲ့၍ကိုယ်တော်၏ကျေးဇူးတော်အားဖြင့်ငါ့ကိုခေါ်တော်မူခဲ့လေပြီ။ငါသည်လူမျိုးခြားတို့အလယ် တွင်သားတော်ဘုရားအကြောင်းကိုဟောပြောနိုင်စေခြင်းငှါကိုယ်တော်သည်ငါ့အားသားတော်ကိုဖူးမြင်ရသည့်အခွင့်ကို ကြည်ဖြူစွာပေးသနားတော်မူသောအခါငါသည်လူသားတို့နှင့်တိုင်ပင်ခြင်းကိုမပြု။ ငါ့အရင်တမန်တော်ဖြစ်ခဲ့သူတို့ရှိရာဂျရုဆလင်မြို့သို့လည်းမသွားပဲအရေးဘီယားသိထွက်ခွါသွားခဲ့ပြီးမှတဖန်ဒါမာစကုမြို့သို့ပြန်လာခဲ့သည်။ထို့နောက်သုံးနှစ်လွန်ပြီးသော်ပေတရုနှင့်တွေ့ဆုံရန်ဂျေရုဆလင်မြို့သို့သွား၍သူနှင့်အတူတစ်ဆယ့်ငါးရက်နေခဲ့၏။သူနှင့်သခင်ဘုရား၏ညီတော်ယာကုပ်မှလွဲ၍အခြားသောတမန်တော်တစ်ယောက်ကိုမျှငါမတွေ့ခဲ့ပေ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 7:11-17*

ရှင်လုကာဧဝံဂေလိကျမ်း ၇း၁၁–၁၇

ထို့နောက်ကိုယ်တော်သည်နာအိမ်ဟုခေါ်သောမြို့သို့ကြွတော်မူသောအခါတပည့်တော်တို့နှင့်များစွာသောလူအစုအဝေးတို့သည်ကိုယ်တော်နှင့်အတူလိုက်ပါသွားကြ၏။ ကိုယ်တော်သည်မြို့တံခါးအနီးသို့ရောက်တော်မူစဉ်လူသေအလောင်းတစ်ခုကိုသင်္ဂြိုဟ်ရန်ထုတ်ဆောင်လာသည်နှင့်ကြုံတွေ့လေ၏။ သေသောသူသည်ကားမုဆိုးမမိခင်၏တစ်ဦးတည်းသောသားဖြစ်၏။ များစွာသောမြို့သူမြို့သားတို့သည်လည်းသူမနှင့်အတူလိုက်ပါပို့ဆောင်ကြ၏။ကိုယ်တော်သည်သူမကိုမြင်တော်မူလျှင်သနားတော်မူသဖြင့်မငိုနှင့်ဟုမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်အနီးသို့ချဉ်းကပ်လျက်အလောင်းစင်ကိုတို့ထိတော်မူသဖြင့်ထမ်းထားသောသူတို့သည်လည်းရပ်ထားလိုက်ကြလေ၏။ ကိုယ်တော်ကလည်းအချင်းလူငယ်သင့်ကိုငါအမိန့်ပေးသည်၊ ထလော့ဟုမိန့်တော်မူလျှင်၊ သေသောသူသည်ထထိုင်လျက်စကားပြောလေ၏။ ကိုယ်တော်သည်လည်းသူ့ကိုသူ၏မိခင်ထံသို့ပြန်အပ်လိုက်လေ၏။ ရှိသမျှလူအပေါင်းတို့သည်ကြောက်ရွံ့တုန်လှုပ်ကြ၍၊ ဘုရားသခင်ကို ချီးမွမ်းကြလျက်ငါတို့အလယ်တွင်ကြီးသောပရောဖက်တစ်ပါးပေါ်ထွန်းလေပြီ။ ဘုရားသခင်သည်မိမိလူမျိုးတော်ကိုကြည့်ရှုတော်မူပြီဟုဆိုကြ၏။ ကိုယ်တော်၏သတင်းတော်သည်ဂျုဒပြည်တစ်ဝှမ်းလုံး၏ပတ်ဝန်းကျင်အရပ်ရပ်တို့တွင်ပျံ့နှံ့သွားလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။